ပုံစံ(၁၀)

စုံညှိဖျန်ဖြေကောင်စီ

**စုံညှိအဖွဲ့၏ဆုံးဖြတ်ချက်**

{ နည်းဥပဒေ ၂၃(စ) }

စုံညှိအဖွဲ့

၂၀၁၆ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်( ၈၄ /၂၀၁၆)

| | |
|---|---|
| ဦးသန်းဦး ( အလုပ်ရှင် )<br>ဒေါ်လှခင်(ခ)ခင်မာထွန်း(Admin Manager)၊<br>အလုပ်ရှင်၏အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ<br>Mann Yadanarpon Airlines Co.,Ltd;<br>အမှတ်(၃)၊ သာလွန်ဝတီလမ်း၊<br>(၇)မိုင်၊မရမ်းကုန်းမြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး၊ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| ဒေါ်ကူးကူးကြွယ် (လေယာဉ်မယ်)<br>Mann Yadanarpon Airlines Co.,Ltd;<br>အမှတ်(၉၀)၊(C)ရပ်ကွက်၊ရွှေတောင်ကြား(၁)လမ်း၊<br>ဗဟန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး၊ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်

## ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၇)မိုင်၊ သာလွန်ဝတီလမ်း၊ အမှတ်(၃)တွင် တည်ရှိသော Mann Yadanarpon Airlines Co.,Ltd; ပိုင်ရှင် ဦးသန်းဦး၏ကိုယ်စား ဒေါ်လှခင်(ခ)ခင်မာထွန်း (Admin Manager ၊ အလုပ်ရှင်၏အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)လမ်း၊ (C) ရပ်ကွက်၊ အမှတ်(၉၀)တွင် နေထိုင်သော Mann Yadanarpon Airlines Co.,Ltd; အလုပ်သမား ဖြစ်သည့် ဒေါ်ကူးကူးကြွယ်(လေယာဉ်မယ်) တို့ကြားဖြစ်ပွားသော အငြင်းပွားမှုကို ရန်ကုန်တိုင်း ဒေသကြီး၊ မရမ်းကုန်းမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ(၁၂.၉.၂၀၁၆)ရက်နေ့၊ (၁၆.၉.၂၀၁၆) ရက် နေ့နှင့် (၂၀.၉.၂၀၁၆) ရက်နေ့တို့တွင် တိုင်ကြားလာ၍ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ရာ တောင်းဆို သည့်အချက်(၁)ချက်မှာ ဖြတ်တောက်ထားသော လုပ်အားခငွေနှင့် အလုပ်ရပ်စဲမှုနစ်နာကြေး ရလိုမှုဖြစ်ကြောင်း၊ မရမ်းကုန်းမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ မှတ်တမ်းများနှင့် ထွက်ဆိုချက်

များအရ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ (၂၃.၉.၂၀၁၆) ရက်စွဲပါ အငြင်းပွားမှုအမှတ်(၂၃/၂၀၁၆) ဖြင့် ညှိနှိုင်းဖျန်ဖြေရာ ပြေလည်မှုမရ၍ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့သို့ (၂၃.၉.၂၀၁၆) ရက်နေ့ တစ်ဦးချင်းအငြင်းပွားမှုအစီရင်ခံစာ တင်ပြခဲ့ကြောင်းတွေ့ရှိရသည်။

၂။ မရမ်းကုန်းမြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ အစီရင်ခံစာတင်ပြခဲ့မှုအရ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ်(၁၁၁/၂၀၁၆)ဖြင့် ထိုအငြင်းပွားမှုကို ကြားနာစစ်ဆေးပြီး (၁၀-၁၁-၂၀၁၆)ရက်နေ့တွင် ကောက်ချက်(၁)ချက်နှင့် ဆုံးဖြတ်ချက်(၁)ချက် ချမှတ်ခဲ့ကြောင်း တွေ့ရှိရသည်။

၃။ ဤအငြင်းပွားမှုသည် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်(၁)ချက်အပေါ် ကျေနပ်မှုမရှိသည့်တောင်းဆိုခြင်းခံရသူ Mann Yadanarpon Airlines Co.Ltd; ပိုင်ရှင် ဦးသန်းဦး၏ကိုယ်စား ဒေါ်လှခင်(ခ)ခင်မာထွန်း (Admin Manager ၊အလုပ်ရှင်၏ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)က ခုံသမာဓိကောင်စီသို့ တင်ပြလာသည့်အမှုဖြစ်သည်။ အလုပ်ရှင်၏ (၁၅.၁၁.၂၀၁၆)ရက်စွဲဖြင့် တင်ပြစာတွင် –

(က) မန်းရတနာပုံလေကြောင်းလိုင်း၏လေယာဉ်မယ် (CA-1) (Cabin Crew Instructor) ဒေါ်ကူးကူးကြွယ်သည် (၂၀.၂.၂၀၁၆)ရက်နေ့တွင် ခရီးစဉ်အမှတ်(7Y-131)ဖြင့် မန္တလေးမြို့မှ ဟဲဟိုးသို့ခရီးသည်(၇၀)ဦး တင်ဆောင်ပျံသန်းလာစဉ် ဟဲဟိုးလေဆိပ်သို့ ဆင်းသက်ချိန်၌ Short Sector ဖြင့် လေယာဉ်မှူးက Cockpit ခန်းရှိအလယ်ခုံတွင် လေယာဉ်မယ်တစ်ဦးလာရောက်ထိုင်ရန် Intercom ဖြင့် Cabin Crew Instructor ဒေါ်ကူးကူးကြွယ်အား အကြောင်းကြားခဲ့ပေမဲ့ လေယာဉ်မယ်များအချိန်မီမလာရောက်၍ ထပ်မံပြောကြားခဲ့ရကြောင်း၊ ဟဲဟိုးလေကြောင်းထိန်းမှ ပြေးလမ်း-၁၈ သို့ ဆင်းခွင့်ပေးသည့်အချိန်တွင် လေယာဉ်မယ်များအဆင်သင့်မဖြစ်၍ ပြေးလမ်းနဲ့ နီးကပ်သဖြင့် Procedure အတိုင်း Go Around ပြုလုပ်ပြီး၊ ဒုတိယအကြိမ်၊ ပြေးလမ်း-၁၈ သို့ ချဉ်းကပ်ဆင်းသက်ခဲ့ရကြောင်း၊

(ခ) လေယာဉ်မယ်(CA-1)(Cabin Crew Instructor) ဒေါ်ကူးကူးကြွယ်သည် နိုင်ငံခြားသို့သင်တန်းပေးထားသည့်ဝန်ထမ်းဖြစ်၍ ချက်ခြင်းအလုပ်မထုတ်ဘဲ ပို့ဆောင်ရေးဌာနအကြီးအကဲများနှင့် အတွေ့အကြုံရင့်ကျက်သော လေယာဉ်မှူးကြီးများထံ အကြံဉာဏ်တောင်းပြီး၊ ဆက်လက်တာဝန်ပေးရန်မသင့်တော်ကြောင်း အကြံပြု၍ (၂၇-၇-၂၀၁၆) ရက်စွဲပါ ရုံးအမိန့်စာအမှတ် (၁၆၄/၂၀၁၆) အရ (၁-၈-၂၀၁၆)ရက်နေ့မှစ၍ အလုပ်မှထုတ်ပယ်ခဲ့ကြောင်း၊

(ဂ) ဒေါ်ကူးကူးကြွယ်က ကျေနပ်မှုမရှိ၍ မရမ်းကုန်းမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ထံ တိုင်ကြားခဲ့ပြီး၊ ယင်းမှရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က (၁၀-၁၁-၂၀၁၆) ရက်နေ့တွင်

အငြင်းပွားမှုအမှတ် (၁၁၁/၂၀၁၆)ဖြင့် နိုတစ်ကြေးငွေ(၁)လစာနှင့် လုပ်သက်အလိုက် အလုပ်ထုတ်နစ်နာကြေး(၁)လခွဲစာကို ပြေပြင်ဆိုချထားသည့် ၂၀၁၆ခုနှစ်၊ ဧပြီလဝေါ်ငင် ရရှိထားသော (၃/၂၀၁၆)လစာငွေဖြစ်သည့် ၈၅၇၇၅ဝိ/-နှုန်းဖြင့် စုစုပေါင်း(၂)လခွဲစာ ၂၂၁၉၃၇ဝိ/-ပေးရန် ဆုံးဖြတ်မှုကို မကျေနပ်ကြောင်း၊

(သ) ဒေါ်ကူးကူးကြွယ် (CA-1)၏ ထွက်ဆိုချက်တွင် လေယာဉ်မယ်ကိုစေလွှတ်ချိန်နှောင်းကျ ကြောင်း၊ ထဲမတောင်းစွာ သူမထိုင်ခုံမှထွက်သွားချိန်တွင် Jamed ဖြစ်၍ဖြစ်ကြောင်း၊ လေယာဉ် Short Sector မဖြစ်စေရန် လေယာဉ်မယ်တစ်ဦး လေယာဉ်မှူးအခန်းပေးပို့မှု နှောက်ကျကြောင်း၊ အမြင့်ပေ ၁၁၀၀၀ မှ ပျံသန်းလာသောလေယာဉ်အန္တရာယ်ကင်းစွာ ပြေးလမ်းဆင်းသက်နိုင်ရေးအဆင်မပြေ၍ တစ်ပါတ်လှည့်ပြီးမှ ဆင်းသက်ခဲ့ရကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ဤအချက်ကို ထည့်သွင်းမစဉ်းစားခဲ့ကြောင်း၊ ခုံသမာဓိအဖွဲ့က လေယာဉ်မှူး၊ တွဲဖက်လေယာဉ်မှူး၊ အငယ်တန်းလေယာဉ်မယ်(CA-2)၊ လေယာဉ်မယ်(CA-3)တို့က အပြစ်တင်ထားမှုမရှိဟု သုံးသပ်ခြင်းမှာ ဂုဏ်သရေရှိ လေယာဉ်မှူးနှင့် လေယာဉ်မယ်တို့ဖြစ်၍အပြစ်တင်မထွက်ဆိုခြင်းမှာသဘာဝကျကြောင်း၊ ခရီးသည်(၇၀)ဦးတင်ဆောင်ပြီး၊ အမြင့်ပေ ၁၁၀၀၀ မှ ပျံသန်းလာသောလေယာဉ်အတွက် တာဝန်ပျက်ကွက်ကြောင်း၊

၄။ ထို့ပြင်အလုပ်ရှင်က ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာငြင်းပွားမှုဖြေရှင်းရေးဥပဒေ၊ နည်းဥပဒေတွင် နိုတစ်ကြေးပြဋ္ဌာန်းမထား၍ နိုတစ်ကြေးပေးခြင်းသည် ဥပဒေနှင့်မညီကြောင်း၊ အလုပ်ထုတ်နစ်နာကြေး(၁)လခွဲစာ တွက်ချက်ပေးခြင်းမှာလည်း ဥပဒေနှင့်မညီကြောင်း၊ ဝန်ကြီး ဌာနကအမိန့်ကြော်ငြာစာအမှတ် (၈၄/၂၀၁၅)ဖြင့် သတ်မှတ်ထားရာ၊ အလုပ်ရှင်သည် အလုပ် သမားအား အလုပ်မှရပ်စဲမှုနစ်နာကြေးအတွက် နောက်ဆုံးထုတ်လစာ(အချိန်ပိုမပါ)၊ လစာရင်း Gross Salary မှာ ၅၀၀၀၀၀ဝိ/-ဖြစ်ပြီး၊in come tex မှာ ၁၇၇၄၉ိ/-ဖြစ်ကြောင်း၊ SSB Contribution ၆၀၀၀ဝိ/-နုတ်ပြီး ရသည့်အသားတင်ငွေမှာ ၅၅၆၂၅ဝိ/-သာဖြစ်၍ ဤအတိုင်းသာ ခံစားခွင့်ရှိကြောင်း၊ အလုပ်စတင်ခန့်ထားသည်မှာ (၁-၈-၂၀၁၄) ရက်နေ့မှဖြစ်ပြီး အလုပ်ရပ်စဲခန့် သည် (၂၇-၇-၂၀၁၆)ရက်နေ့ဖြစ်၍ လုပ်သက်(၂)နှစ်မပြည့်ကြောင်း၊ ဝန်ကြီးဌာနက အမိန့်ကြော် ငြာစာအမှတ် (၈၄/၂၀၁၅)အရ လုပ်သက်(၁)နှစ်ပြည့်ပြီး (၂)နှစ်မပြည့်ပါက နစ်နာကြေး(၁)လစာ သာပေးရန်သတ်မှတ်ထား၍ တစ်လခွဲစာပေးရန်ဟု ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ဆုံးဖြတ်ချက်သည် ဥပဒေနှင့်မညီကြောင်း၊ သို့ဖြစ်၍ ပြင်ဆင်ဆုံးဖြတ်ပေးရန် ဖြစ်ပါကြောင်း ဖော်ပြလျှောက် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက်(၁)ချက်အပေါ် ဆုံးဖြတ်သော ဆုံးဖြတ်ချက်(၁)ချက်ကို ကျေနပ်မှုမရှိ၍ လျှောက်ထားလာကြောင်း ခုံအဖွဲ့က တွေ့ရှိရသည်--

ကောက်ချက်အမှတ်(၁)။ ဖြတ်ကောက်ခံထားရသော လစာငွေနှင့်အလုပ်ထုတ် နစ်နာကြေး ရလိုကြောင်းတင်ပြချက်ကိုလက်ခံရန်သင့်/မသင့်။

ကောက်ချက်အမှတ်(၁)။ လစာငွေဖြတ်တောက်ခဲ့မှုနှင့်ပတ်သက်၍ ဒေါ်ကူးကူးကြွယ်မှအလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနသို့ တင်ပြတောင်းခံသွားရန်နှင့် အလုပ်ရှင်မှ ဒေါ်ကူးကူးကြွယ်အား နို့တစ်ကြေးတစ်လစာနှင့် လုပ်သက်အလိုက် အလုပ်ထုတ်နစ်နာကြေး တစ်လခွဲစာတို့အား အလုပ်မှမြေပြင်သို့ချထားသည့် ၂၀၁၆ ခုနှစ်၊ ဧပြီလမတိုင်မီ ဒေါ်ကူးကူးကြွယ်ရရှိထားသော (၃/၂၀၁၆) လစာငွေဖြစ်သည့် ၈၈၇၇၅၀/–ကျပ်နှုန်းဖြင့် စုစုပေါင်းနှစ်လခွဲစာ ၂၂၁၉၃၇၅/– ကျပ် (ကျပ်နှစ်ဆယ့်နှစ်သိန်းတစ်သောင်းကိုးထောင်သုံးရာခုနှစ်ဆယ့်ငါးကျပ်တိတိ)အားပေးရန် ဆုံးဖြတ်သည် ။

၅။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ (၁၀.၁၁.၂၀၁၆) ရက်နေ့၊ အမှုအမှတ်(၁၁၁/၂၀၁၆) ဆုံးဖြတ်ချက်အပေါ်တွင် ကျေနပ်မှုမရှိသဖြင့် Mann Yadanarpon Airlines Co.Ltd; ပိုင်ရှင် ဦးသန်းဦး၏ကိုယ်စား ဒေါ်လှခင်(ခ)ခင်မာထွန်း (Admin Manager) အလုပ်ရှင်၏ ရှေ့နေကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူက ခုံသမာဓိကောင်စီသို့ အယူခံလျှောက်ထားလာသဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီအမိန့်ကြော်ငြာစာအမှတ်(၆၆/၂၀၁၆)၊ ၂၀၁၆ ခုနှစ်၊နိုဝင်ဘာလ(၁၇)ရက်စွဲဖြင့် ခုံသမာဓိကောင်စီ အမှုအမှတ်(၈၄/၂၀၁၆)အား ကြားနာစစ်ဆေးမည့် ဥက္ကဋ္ဌ ဒေါ်စန်းစန်း၊ အဖွဲ့ဝင် ဦးသန်းမောင်နှင့် အဖွဲ့ဝင်ဦးရဲနိုင်ဝင်းတို့ပါဝင်သော ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၆။ ခုံအဖွဲ့ကအမှုတွဲကိုလက်ခံရရှိပြီးနောက် နှစ်ဖက်ထွက်ဆိုချက်များ၊ မြို့နယ်ညှိနှိုင်း ဖျန်ဖြေရေးအဖွဲ့မှတ်တမ်းများ၊ခုံသမာဓိအဖွဲ့မှတ်တမ်းများနှင့်တင်ပြလာသောစာရွက်စာတမ်း အထောက်အထားများ၊အလုပ်ရှင်နှင့်အလုပ်သမားတို့အားနှစ်ဖက်လူတွေ့စစ်ဆေးခံချက်များအပေါ် အခြေပြု၍အလုပ်ရှင်ကကြေနပ်မှုမရှိဆိုသည့်ဆုံးဖြတ်ချက်(၁)ချက်အားခုံအဖွဲ့က အောက်ပါကောက်ချက် (၁) ချက်ကိုသုံးသပ်၍ဆုံးဖြတ်လိုက်သည်-

**ကောက်ချက်အမှတ်(၁)** ။ လစာငွေဖြတ်တောက်ခဲ့မှုနှင့်ပတ်သက်၍ဒေါ်ကူးကူးကြွယ်မှ အလုပ်ရုံနှင့်အလုပ်သမားဥပဒေ စစ်ဆေး ရေးဦးစီးဌာန သို့တင်ပြ တောင်းခံသွားရန်နှင့်အလုပ်ရှင်မှဒေါ်ကူးကူးကြွယ်အား နို့တစ်ကြေး တစ်လစာနှင့်လုပ်သက်အလိုက် အလုပ်ထုတ်နစ်နာ ကြေး တစ်လခွဲ စာတို့အားအလုပ်မှမြေပြင်သို့ချထားသည့်၂၀၁၆ဧပြီလမတိုင်မီဒေါ်ကူးကူးကြွယ်ရရှိထားသော (၃/၂၀၁၆)လစာငွေဖြစ်သည့် ၈၈၇၇၅၀/- ဖြင့် စုစုပေါင်းနှစ်လခွဲစာ ၂၂၁၉၃၇၅/- (ကျပ်နှစ်ဆယ့်နှစ်သိန်းတစ်သောင်းကိုးထောင်သုံးရာခုနှစ်ဆယ့်ငါးကျပ်တိတိ)အား ပေးရန် ဆုံးဖြတ်ရန်သင့်/မသင့်။

သုံးသပ်ချက်အမှတ်(၁)

(က) ကောက်ချက်အမှတ်(၁)အားပေးရန်သင့်၊မသင့်နှင့်ပတ်သက်၍ ခုံအဖွဲ့က ဆန်းစစ်လေ့လာ သုံးသပ်ရာ အလုပ်ရှင်နှင့် အလုပ်သမားကြားဖြစ်ပွားသည့် အငြင်းပွားမှုများကို ဖြေရှင်း ရာတွင် ၂၀၁၃ ခုနှစ်၊ အလုပ်အကိုင်နှင့်ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်မှုဥပဒေ၊ ပုဒ်မ၅ (က) အရ ချုပ်ဆိုရမည့် အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေး ဝန်ကြီးဌာန၏ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ(၃၁) ရက်စွဲပါ အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူစာချုပ် ရေးဆွဲချုပ်ဆို ကြရန် အသိပေးကြေငြာချက်အမှတ်(၁/၂၀၁၅) ပါအတိုင်းဆောင်ရွက်ထားခြင်း မရှိမှုက အဓိကကျသည်ဟု ခုံအဖွဲ့က သတ်မှတ်ပါသည်။ အလုပ်ရှင်က အလုပ်သမားနှင့် နှစ်ဖက် လက်မှတ်ရေးထိုး ချုပ်ဆိုထားမှုမရှိကြောင်းတွေ့ရှိရသည်။

(ခ) ခုံအဖွဲ့ကသုံးသပ်ရာတွင် ဤအမှုတွင် အလုပ်ရှင်က အလုပ်မှရပ်စဲမှုနစ်နာကြေးမပေးဟု ငြင်းဆိုထားမှုမဟုတ်ဘဲ အလုပ်ရှင်က ၂၀၁၂ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေ ရှင်းရေးဥပဒေ၊ နည်းဥပဒေတွင် နို့တစ်ကြေးပြဋ္ဌာန်းမထား၍ နို့တစ်ကြေးပေးခြင်းသည် ဥပဒေနှင့်မညီကြောင်း၊ အလုပ်ထုတ်နစ်နာကြေး(၁)လခွဲစာ တွက်ချက်ပေးခြင်းမှာလည်း ဥပဒေနှင့်မညီကြောင်း၊ ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ(၈၄/၂၀၁၅) သတ်မှတ်ထားရာ၊ အလုပ်ရှင်သည် အလုပ်သမားအား အလုပ်မှရပ်စဲမှုနစ်နာကြေးအတွက် နောက်ဆုံးထုတ် လစာ (အချိန်ပိုမပါ)၊ လစာရင်း Gross Salary မှာ ၅၈၀၀၀၀ိ/-ဖြစ်ပြီး၊in come tex မှာ ၁၇၇၄၉ိ/-ဖြစ်ကြောင်း၊SSB Contribution ၆၀၀၀ိ/-နှုတ်ပြီး ရသည့်အသားတင်ငွေမှာ ၅၅၆၂၅ိ/-သာဖြစ်၍ ဤအတိုင်းသာ ခံစားခွင့်ရှိကြောင်း၊ အလုပ်ရပ်စဲမိန့်သည် (၂၇-၇-၂၀၁၆) ရက်နေ့စွဲပါ ရုံးတွင်းအမိန့်စာအမှတ် (၁၆၄/၂၀၁၆) ဖြစ်၍လုပ်သက်(၂)နှစ်မပြည့် ကြောင်း၊ ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ (၈၄/၂၀၁၅) အရ လုပ်သက်(၁)နှစ်ပြည့်ပြီး (၂)နှစ် မပြည့်ပါ က နစ်နာကြေး(၁)လခွဲစာပေးရန်သတ်မှတ်ထား၍ တစ်လခွဲစာပေးရန် ဟု ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ဆုံးဖြတ်ချက်သည် ဥပဒေနှင့်မညီ၍ ပြင်ဆင် ဆုံးဖြတ်ပေးရန်ဖြစ်ကြောင်းတွေ့ရှိရသည်။

သုံးသပ်ချက်အမှတ်(၂)

(က) ခုံအဖွဲ့က အလုပ်ရှင်မှ အမိန့်ကြေငြာစာအမှတ် (၂/၂၀၁၅)၊ "အနည်းဆုံးအခကြေးငွေ ထုတ်ပြန်ကြေညာခြင်း"ကိုအကောင်ထည်ဖော်ရန်လိုအပ်သည်ကိုသတိပြုမိရာ၊၂၀၁၃ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေ၊ ပုဒ်မ ၂ ပုဒ်မခွဲ(င) "အခကြေးငွေ"ဆိုသည်မှာ အလုပ်ရှင် ၏နာရီပိုင်းအလုပ်၊ အချိန်ပိုင်းအလုပ်၊ အပါတ်စဉ်အလုပ်၊ လစဉ်အလုပ် သို့မဟုတ် အခြား အချိန်ပိုင်းအလုပ်တစ်ခုခုကို အလုပ်သမားက လုပ်ကိုင်ဆောင်ရွက်ပေးရသဖြင့် ရသင့် သော အခကြေးငွေနှင့် လုပ်ခလစာတို့ကို ဆိုလိုသည်ဟု ပြဋ္ဌာန်းထားရာ ယင်းစကားရပ် တွင် အချိန်ပိုလုပ်ခသည်လည်းကောင်း၊ အလုပ်ကောင်းမွန်သဖြင့် သို့မဟုတ် အကျင့်

စာရိတ္တကောင်းမွန်သဖြင့် အလုပ်ရှင်မှ အပိုပေးသည့်ဆုကြေးငွေများသည်လည်းကောင်း၊ ဝင်ငွေအဖြစ်သတ်မှတ်နိုင်သောအခြားငွေနှင့်အကျိုးခံစားခွင့်များသည်လည်းကောင်းပါဝင်သည်၊ သို့ရာတွင် ခရီးစရိတ်၊ လူမှုဖူလုံရေး၊ ပင်စင်လုပ်သက်ဆု၊ နေထိုင်စားသောက်စရိတ်၊ မီးဖိုး၊ ရေဖိုး၊ အခွန်အခ၊ ဆေးကုသစရိတ်၊ အပန်းဖြေခတို့နှင့် ဝန်ကြီးဌာနက မသက်ဆိုင်ဟု ထုတ်ပြန်ထားသည့် အခကြေးငွေများမပါဝင်ဟု ပြဋ္ဌာန်းထားကြောင်း ခုံအဖွဲ့က သုံးသပ်သည်။

(ဂ) ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ၊အခန်း(၆)၊ပုဒ်မ ၅၈တွင် 1929, The Trade Dispute Act အရ ထုတ်ပြန်ခဲ့သောနည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်နှင့်ညွှန်ကြားချက်များသည် ဤဥပဒေနှင့် ဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်ဟု ဖေါ်ပြထားရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ ဖယ်ဒိုဝါအိဇ္ဇပဋိပက္ခမှုကော်မတီ၏ ဆုံးဖြတ်ချက်များသာဓက စာမျက်နှာ ၅၊ ကိစ္စရပ် ၅ အလုပ်ထုတ်နစ်နာကြေးဆုံးဖြတ်ချက်သာဓက(က)တွင် လုပ်သက် (၃)လ မပြည့်သူများအား နို့တစ်ကြေးတစ်လစာပေးရန် ပြဋ္ဌာန်းထား၍ အကျယ်အကျယ်မငြင်းဖွယ်ဖြစ်ရေးအတွက် နို့တစ်ကြေးတစ်လစာပေးသင့်ကြောင်းသုံးသပ်ရရှိသည်။ ဝန်ကြီးဌာန၏ (၃-၇-၂၀၁၅)ပါ အမိန့်ကြော်ငြာစာအမှတ် (၈၄/၂၀၁၅)တွင်လည်း အလုပ်လုပ်သည့်ကာလအပိုင်းအခြားကိုသာ အမိန့်ကြော်ငြာစာထုတ်ပြန်ထားခြင်းဖြစ်ပြီး နို့တစ်ကြေးမပေးရဟု မပါရှိသော အမိန့်ကြော်ငြာစာဖြစ်၍ နို့တစ်ကြေးတစ်လစာ ထည့်ပေးရန်ဖြစ်ကြောင်း သုံးသပ်ရရှိသည်။

(ဃ) သို့ဖြစ်၍ ခုံအဖွဲ့ကလေ့လာရာ လေယာဉ်မယ်ဒေါ်ကူးကူးကြွယ်အား အလုပ်စတင်ခန့်ထားသည်မှာ (၁-၅-၂၀၁၄)ရက်နေ့၌ ရုံးတွင်းအမိန့်စာအမှတ်(၁၃၃/၂၀၁၄)ဖြစ်ပြီး၊ အတည်ဖြစ်သည့်နေ့မှာ (၁၈-၈-၂၀၁၄) ရက်နေ့၌ ရုံးတွင်းအမိန့်စာအမှတ် (၂၅၆/၂၀၁၄)ဖြစ်ရာ၊ အလုပ်ရပ်စဲမိန့်သည်(၂၇-၇-၂၀၁၆) ရက်စွဲပါ ရုံးတွင်းအမိန့်စာအမှတ် (၁၆၄/၂၀၁၆) ဖြစ်၍ လုပ်သက်(၂)နှစ်ကျော်ကြောင်းကို အလုပ်ရှင်ကိုယ်စားလှယ်မှ မသိရှိကြောင်း၊ ဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ်(၈၄/၂၀၁၅)အရ လုပ်သက်(၂)နှစ်ပြည့်ပြီး (၃)နှစ် မပြည့်ပါက နစ်နာကြေး(၁)လခွဲစာပေးရန် သတ်မှတ်ထား၍ တစ်လခွဲစာပေးရန်ဖြစ်ရာ ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ၊ အခန်း (၈) အပိုဒ် ၃၅ "အလုပ်ရှင်က အလုပ်သမားအား အလုပ်ထုတ်ပစ်သည့်အခါတွင်ဖြစ်စေ ယင်းသို့ထောင်ရှက်ခြင်းကြောင့်ဖြစ်ပေါ်လာသည့် အငြင်းပွားမှုတွင်ပါဝင်သော အလုပ်သမားအား အလုပ်ရှင်ကပေးရမည့် နစ်နာကြေးနှုန်းထားကို ဝန်ကြီးသည် အမိန့်ကြော်ငြာစာဖြင့် အခါအားလျော်စွာသတ်မှတ်၍ ထုတ်ပြန်နိုင်သည်"ဟူသောပြဋ္ဌာန်းချက်နှင့် အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန၏ (၃-၇-၂၀၁၅)ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်

(၈၄/၂၀၁၅) "အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၂၀၁၂ခုနှစ်၊အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ၊ ပုဒ်မ ၅၉ ပုဒ်မခွဲ(ခ)နှင့် ၂၀၁၃ခုနှစ်၊ အလုပ်အကိုင်နှင့်ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်မှုဥပဒေ၊ ပုဒ်မ ၄၁ ပုဒ်မခွဲ(ခ)တို့အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် အလုပ်မှရပ်စဲခံရသော အလုပ်သမားနှင့်ပတ်သက်၍ အလုပ်ရှင်ကပေးရမည့် နစ်နာကြေးနှုန်းထားများကို သတ်မှတ်လိုက်သည့် အမိန့်ကြော်ငြာစာများကို ကိုးကားပြီး အလုပ်မှရပ်စဲခံရသော လေယာဉ်မယ် ဒေါ်ကူးကူးကြွယ်နှင့် ပတ်သက်၍ ပေးရမည့်နစ်နာကြေးနှုန်းထားများ အတိုင်း နစ်နာကြေးပေးရန်ဖြစ်ကြောင်းသုံးသပ်သည်။

(င) လေယာဉ်မယ်၊ ဒေါ်ကူးကူးကြွယ်အား (၂၈-၄-၂၀၁၆) ရက်နေ့မှစ၍ Flight Duty Grounded ချထားရာ (၈-၅-၂၀၁၄)ရက်နေ့မှ အလုပ်အစမ်းခန့်၍ လုပ်သက်မှာ(၂)နှစ်ကျော်နှင့် ၂၀၁၆ခုနှစ်၊ (၅)လပိုင်း၊ (၆)လပိုင်း၊ (၇)လပိုင်းတွင် လစာတစ်ဝက်သာ ခံစားရကြောင်းတွေ့ရရာ နစ်နာကြောင်းတွေ့ရှိရသည်။ အလုပ်ရပ်စဲမိန့်သည် (၂၇-၇-၂၀၁၆) ရက်စွဲပါ ရုံးတွင်းအမိန့်စာအမှတ် (၁၆၄/၂၀၁၆) ဖြစ်၍ လုပ်သက်(၂)နှစ်ကျော်ရာ ဥပဒေအရ (၁)လခွဲစာပေးရန်ဖြစ်ပြီး၊ လဝက်စာပေးသော (၃)လစာမှ ကျန်ငွေ(၃)လစာကို အလုပ်သမားမှပေါင်းပြီး ခံစားစေရန်ဖြစ်ကြောင်း သုံးသပ်ရရှိပါသည်။

ဆုံးဖြတ်ချက်အမှတ်(၁)။ ခုံသမာဓိကောင်စီ၏ ခုံအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏(၁၀.၁၁.၂၀၁၆)ရက်နေ့ကအငြင်းပွားမှုအမှတ်(၁၁၁/၂၀၁၆) ၏ဆုံးဖြတ်ချက်(၁)ကို ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ၊ အပိုဒ် ၂၃(င)အရ "အငြင်းပွားမှုကို ကြားနာစစ်ဆေးသည့် အခါတွင်ဖြစ်စေ၊ ကြားနာစစ်ဆေးမှုမပြုဘဲ အငြင်းပွားမှုကို ဆုံးဖြတ်သည့်အခါတွင်ဖြစ်စေ၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုနိုင်သည်"ဟူသော ပြဋ္ဌာန်းထားချက်အရ ယင်းဆုံးဖြတ်ချက်အစား အလုပ်ရှင်က ၂၀၁၂ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ၊ အခန်း(၆) ပုဒ်မ ၅၈ တွင် "The Trade Dispute Act အရ ထုတ်ပြန်ခဲ့သောနည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်နှင့်ညွှန်ကြားချက်များသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်"ဟုဖော်ပြထားရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ၊ ဗဟိုဝါဒီဖွဲ့ပဋိပက္ခမှု ကော်မတီ၏ ဆုံးဖြတ်ချက်များ သာဓက

စာမျက်နှာ ၅၊ ကိစ္စရပ် ၅ အလုပ်ထုတ်နစ်နာကြေး ဆုံးဖြတ်ချက် သာကေ(က)တွင် လုပ်သက်(၃)လ မပြည့်သူများအား နို့တစ်ကြေး တစ်လစာပေးရန်ပြဋ္ဌာန်းထားပြီး ဝန်ကြီးဌာန၏ (၃-၇-၂၀၁၅) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၈၄/၂၀၁၅)တွင် အလုပ်လုပ် သည့် ကာလအပိုင်းအခြားကိုသာ အမိန့်ကြော်ငြာစာ ထုတ်ပြန်ထား ခြင်းဖြစ်ပြီး နို့တစ်ကြေးမပေးရဟုမပါရှိ၍ အလုပ်သမား လေယာဉ် မယ် ဒေါ်ကူးကူးကြွယ်၏လုပ်သက်သည် (၂)နှစ်ပြည့်ပြီး (၃)နှစ် မပြည့်၍ နစ်နာကြေး (၁)လခွဲစာနှင့် နို့တစ်ကြေး (၁)လစာကို ဒေါ်ကူးကူးကြွယ်၏ နောက်ဆုံးထုတ်လစာ (၅၅၆၂၅၀/-)တွင် အခြေခံပြီးပေးရန်ဖြစ်ရာ စုစုပေါင်း (၁၃၉၀၆၂၇.၅၀/-) ဖြစ်သည်၊ ထို့ပြင် ၂၀၁၆ ခုနှစ်၊ (၅လ)(၆လ)၊(၇လ)လစာများမှ ဖြတ်တောက် ထားသော လစာတစ်ဝက်(၃)လစာကျန်ငွေ စုစုပေါင်း (၈၃၄၃၇၆/-) ကိုပေါင်း၍ စုစုပေါင်း လေယာဉ်မယ် ဒေါ်ကူးကူးကြွယ်အား (၂၂၂၅၀၀၄/-) (နှစ်ဆယ့်နှစ်သိန်းနှစ်သောင်းငါးထောင်လေးကျပ် တိတိ)အားပေးရန် ပြင်ဆင်ဆုံးဖြတ်လိုက်သည်။

ဤဆုံးဖြတ်ချက်သည်အထက်တွင် ဖော်ပြထားသောနေ့ရက်နေ့မှစ၍အာဏာတည်စေရမည်။

အထက်ပါဆုံးဖြတ်ချက်အရပေးရန်တာဝန်ရှိသည့်ငွေများကို ရက်ပေါင်း ၃၀ အတွင်း ပေး ရမည်။ အလုပ်ရှင်ဘက်မှ ပေးရန်ပျက်ကွက်ပါက ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးနည်းဥပဒေအပိုဒ် ၂၉ အရ အဆိုပါငွေကို မြေခွန်မပြေကျန်ငွေကဲ့သို့ အရကောက်ခံရ မည်။

| | | |
|---|---|---|
| ဦးသန်းမောင် | ဒေါ်စန်းစန်း | ဦးရဲနိုင်ဝင်း |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |